Burmese: Introduction to the Refugee Minor Program

# မြန်မာ- ကလေးသူငယ် ခိုလှုံဒုက္ခသည် အစီအစဉ် သို့သွတ်သွင်းခြင်း

ကလေးသူငယ် ခိုလှုံဒုက္ခသည် အစီအစဉ် (Refugee Minor Program, (RMP)) သည် အသက် 18 နှစ်အောက်ဖြစ်ပြီး ဗစ်တိုးရီးယား ပြည်နယ်ရှိ မိဘမဲ့ကလေးများနှင့် လူငယ်များကို အထောက်အပံ့ပေးသည်။ ၎င်းတို့ကို "အုပ်ထိန်းသူမဲ့ လူသားဆိုင်ရာ (သို့မဟုတ် ဒုက္ခသည်) ကလေးသူငယ်များ ('Unaccompanied Humanitarian, or Refugee, Minors', (UHM's)) အဖြစ် သိကြပါသည်။ လူဝင်မှုကြီးကြပ်ရေးနှင့် နိုင်ငံသားဖြစ်မှု ဌာန  (Department of Immigration and Citizenship, (DIAC)) သည် ဗစ်တိုးရီးပြည်နယ်တွင် နေထိုင်သည့် UHM ကလေးများကို RMP သို့လွှဲပြောင်းပေးရန် ဆုံးဖြတ်သည်။

UHM ကလေးများ သုံးမျိုး ရှိသည်-

- **အုပ်ထိန်းမှုပေးရန်မလိုသည့် ကလေးများ  (Non-wards)** မှာ၎င်းတို့အား စောင့်ရှောက်ရန်တာဝန်ကို လက်ခံမည့် အသက် 21 နှစ်ကျော် နီးစပ်ရာဆွေမျိုးနှင့် အတူဤနေရာ တွင်ရှိနေသော ကလေးများကိုဆိုလိုသည်။ DIAC သည် ၎င်းဆွေမျိုးဖြစ်သူကို "စောင့်ရှောက်ရန်တာဝန် ယူမှုစာချုပ်" အား လက်မှတ်ရေးထိုးရန် မေးလိမ့်မည်ဖြစ်သည်။

- **အုပ်ထိန်းမှုပေးရန်လိုသည့် ကလေးများ  (Wards)** မှာ၎င်းတို့အား စောင့်ရှောက်ရန်တာဝန်ကို လက်ခံမည့် (အသက် 21 နှစ်ကျော်) နီးစပ်ရာဆွေမျိုး နှင့်အတူ ဩစတြေးလျတွင်မရှိသော ကလေးများကိုဆိုလိုသည်။ လူဝင်မှုကြီးကြပ်ရေးဝန်ကြီးသည် ကလေးများ၏ တရားဝင် အုပ်ထိန်းသူ ဖြစ်လာပြီး လူမှုဝန်ဆောင်မှုများဌာန (Department of Human Services, (DHS)) အား (RMP မှတစ်ဆင့်) *ကလေးများ၏ လူဝင်မှုကြီးကြပ်ရေး အုပ်ထိန်းမှု အက်ဥပဒေ* (IGOC) *ပုဒ်မ* 5(1) အရ အပ်နှင်းခံရသည့်အုပ်ထိန်းသူအဖြစ် ဆောင်ရွက်ရန် တောင်းဆိုမည်ဖြစ်သည်။

- **အုပ်ထိန်းသူမဲ့ ဒုက္ခသည်အဖြစ်လျှောက်ထားသော ကလေးများ  (Unaccompanied asylum seeking minors)** မှာ ဩစတြေးလျနိုင်ငံ အာဏာပိုင်များ၏ ကြိုတင်ခွင့်ပြုချက်မရှိဘဲ မိဘများ သို့မဟုတ် မိသားစု မပါဘဲလျက် ဩစတြေးလျနိုင်ငံသို့ ဝင်ရောက်လာသည့် အသက် 18 နှစ်အောက် ကလေးများနှင့် လူငယ်များ ဖြစ်ကြပြီး ၎င်းတို့သည် ကုလသမဂ္ဂ ဒုက္ခသည် စာချုပ်အရ ဒုက္ခသည် အဆင့်အတန်းအတွက် လျှောက်ကြသည်။ ၎င်းတို့တွင် အတည်ပြု ထားသည့် လူဝင်မှုဗီဇာ မရှိကောင်း မရှိနိုင်ပါ၊ ၎င်းတို့ သည် "အသိုင်းအဝိုင်း ထိန်းသိမ်းရေး" တွင်ဖြစ်စေ သို့မဟုတ် "အခြားနည်း ထိန်းသိမ်းရေး" တွင်ဖြစ်စေ ထိန်းသိမ်းခံနေရလိမ့်မည် သို့မဟုတ် ယာယီဗီဇာ ကိုင်ဆောင်ထားကောင်း ကိုင်ဆောင်ထားမည်။

2008 ခုနှစ် ဇွန်လ 13 ရက်နေ့တွင် *လူဝင်မှုကြီးကြပ်ရေး (ကလေးများ အုပ်ထိန်းမှု) အပ်နှင်းရေး အက်ဥပဒေ 2008 ခုနှစ် (အပ်နှင်းရေးစာချုပ်)* ကို ပြင်ဆင်ပြီး လူဝင်မှုကြီးကြပ်ရေးဝန်ကြီးက လက်မှတ်ရေးထိုးခဲ့သည်၊ ဒုက္ခသည်လျှောက်ထားသည့် ကလေးများ၏အုပ်ထိန်းမှုအတွက် ပြည်နယ်များနှင့် အုပ်ချုပ်ခံနယ်မြေများ သို့အာဏာအပ်နှင်းရေးကို ၎င်းဥပဒေက ခွင့်ပြုထားသည်။ ၎င်းသည် အုပ်ထိန်းမှုမဲ့ ဒုက္ခသည် လျှောက်ထားသည့် ကလေးများ၏ (အုပ်ထိန်းမှုလိုသည့် ကလေးများ အဖြစ် သတ်မှတ်ခံရသည့်ကိစ္စ) ပြည်ထောင်စု အုပ်ထိန်းမှုကို RMP သို့လွှဲပြောင်းပေးရန်ဖြစ်သည်။

ဤကိစ္စအလို့ငှါ RMP ၏အခန်းကဏ္ဍမှာ အသေအချာစဉ်းစားပြီး DIAC နှင့်ညှိနှိုင်းရန် လိုအပ်သည်၊ ၎င်းပြင် အခန်းကဏ္ဍတွင် စောင့်ရှောက်သူများကို ရှာဖွေခြင်း၊ စိစစ်ခြင်းနှင့် အတည်ပြုခြင်း၊ စိစစ်မှုအဖြေများကို DIAC သို့အစီအရင်ခံခြင်း နှင့် အကြံပြုချက်များတင်ပြခြင်း၊ နှင့် စောင့်ရှောက်သူများ၊ ကလေး/လူငယ်များ နှင့်လုပ်ကိုင်ဆောင်ရွက်ခြင်း တို့ပါဝင်ကောင်း ပါဝင်နိုင်ပါသည်။